ဇီးဖြူကုန်းကျေးရွာ

သစ်ချီတင်ကျေးရွာအုပ်စု၊ ပြည်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဇီးဖြူကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

**စက်တင်ဘာလ၊ ၂၀၂၂**

# မာတိကာ

မာတိကာ


၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဇီးဖြူကုန်းကျေးရွာသည် ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ခရိုင် ၊ ပြည်မြို့နယ်၊ သစ်ချီတင်အုပ်စု တွင်တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပါသည်။ ပြည်သူ့ဆေးရုံကြီးကုတင်(၅၀၀)၏မြောက်ဘက်တွင်အောင်ဆန်းရပ်ကွက်ရှိပါသည်။
ထိုရပ်ကွက်မြောက်ဘက်တွင် ရှမ်းစုကျေးရွာငယ်လေးတည်ရှိပါသည်။ ရှမ်းစုကျေးရွာ၏မြောက်ဘက်တွင်ဇီးဖြူကုန်းကျေးရွာ
ငယ်လေးတည်ရှိပါသည်။ရွာချင်းဆက်လမ်းအဖြစ်ရှမ်းစုကျေးရွာနှင့်ဆက်စပ်နေပါသည်။ကျေးရွာ ၏အရှေ့ဘက်တွင် သစ်ချီတင်အုပ်စုရှိပြီး သာစည်ကုန်းကျေးရွာနှင့်မြောင်းငယ်လှကျေးရွာတို့ တည်ရှိပါသည်။ရွာ၏အနောက်ဘက်တွင်ချောင်းနားတန်းရပ်ကွက်ရှိပြီး ရွာ၏မြောက်ဘက်တွင်ရှမ်းကုန်းနှင့်ပန်းတင်ကျေးရွာတို့တည်ရှိပါသည်။

၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၆၀)ခန့်ရရှိပါသည်။ သဘာဝပေါက်ပင်များမှာ ဘောစကိုင်း၊အင်၊ ကုက္ကိုလ်၊ မန်ကျည်း၊ ဇီးပင်များ ပေါက်ရောက်ပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သော မြေဧကမှာ (၁၇၃)ဧကရှိပြီး အဓိကစိုက်ပျိုးနိုင်သောသီးနှံများမှာ စပါးနှင့်မတ်ပဲဖြစ်ပြီး အခြားပဲတီစိမ်း၊ သီးနှံအနည်းငယ်လဲစိုက်ပျိုးပါသည်။ စိုက်ပျိုးမြေများမှာ မြေဆီ၊ မြေနှစ်များအသင့်အတင့်ရှိသည့် အတွက်သီးနှံအထွက်နှုန်းအသင့်အတင့်ထွက်ရှိပါသည်။

၃။ ကျေးရွာရိုကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းနည်းပါးပြီး ကောင်းမှုရှင်ပရဟိတလုပ်ငန်းများ ၊ သာရေး/

နာရေးလုပ်ငန်းများစသောကိစ္စရပ်များကိုကျေးရွာလူထုနှင့်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများအနေဖြင့် ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ကျောင်းအကျိုး တော်ဆောင်အဖွဲ့၊ ဓမ္မစကြာအသင်း၊ လမ်းတံတားပြုပြင်ထိန်းသိမ်းရေး ကော်မတီနှင့် ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီတို့ဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးကျပန်းလုပ်ကိုင်သူများ လည်း ရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်ပြီးအသက်မွေးဝမ်းကြောင်းပြုသူ များလည်းရှိပါသည်။ပန်းရံ၊ကုန်စုံဆိုင်တို့လည်းအနည်းငယ်ရှိပါသည်။ ဆောင်းရာသီသီးနှံများမှာ မတ်ပဲ ၊ ပဲတီစိမ်း ၊ ပန်းဂေါ်ဖီ ၊ သံပုရာသီး၊ ငြုပ်သီး၊ ခရမ်းသီးများကိုလည်း စိုက်ပျိုးပါသည်။ စပါး အထွက်နှုန်းမှာ အနည်းဆုံး (၁) ဧကလျှင်(၄၀) တင်း၊ အများဆုံး (၆၀)တင်း ထိထွက်ရှိပြီး ပျှမ်းမျှ (၅၀) တင်း ထွက်ရှိပါသည်။ မိုးစပါးကိုနှစ်စဉ်ဝါဆို၊ဝါခေါင်လများတွင်စတင်စိုက်ပျိုးပြီး သီတင်း ကျွတ်၊တန်ဆောင်မုန်းလတွင် ရိတ်သိမ်းလေ့ရှိပါသည်။

ကျေးရွာတွင်အဓိကစိုက်ပျိုးသောစပါးသည် အကျိုးအမြတ်နည်းပါးပါသည်။အကြောင်းမှာ သီးနှံပေါ်ရန်အတွက်သွင်းအားစုများဈေးနှုန်းမြင့်မားပြီးမမှန်ကန်ခြင်း၊ မျိုးကောင်းမျိုးသန့်မရှိခြင်း

တို့ကြောင့်ဖြစ်ပါသည်။အလုပ်အကိုင်နည်းပါးသည့်အကျိုးဆက်အနေဖြင့်အခြားဒေသသို့ဝင်ငွေရရှိအောင်သွားရောက်လုပ်ကိုင်သဖြင့် လုပ်သားရှားပါးလာပါသည်။

အခြားမွေးမြူရေးကဏ္ဍအနေဖြင့် နွားမွေးမြူရေးသောအိမ်ထောင်စု(၁၃)အုပ်စုရှိပါသည်။ ကျွဲမွေးမြူသော အိမ်ထောင်စု (၁) စု ရှိပါသည်။ မိမိဝမ်းစာအတွက်မွေးမြူထားသော တိရိစ္ဆာန် အနည်းငယ်မှာကြက်၊ဘဲ၊ဝက်အနည်းငယ်ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်နေထိုင်သောအိမ်ထောင်စုအားလုံးသည် သန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနိုင်ပြီး အဝီစိတွင်းများကိုအသုံးပြုနေကြသည်။ကျေးရွာတွင်အိမ်ထောင်စု၏ (၆၀)ရာခိုင်နှုန်း ခန့်သည်ကိုယ်ပိုင်အဝီစိတွင်းများကိုအသုံးပြုပါသည်။

ကျေးရွာတွင်အခြေခံပညာရေးမူလတန်းကျောင်းရှိပြီး ကျောင်းအဆောက်အဦ အကျယ် အဝန်းမှာ ဧရိယာစတုရန်းပေ(အလျား၆၀ပေအကျယ်၃၀ပေ ၊အမြင့်၁၂ပေ)ရှိသည်။ အလယ်တန်း ပညာရေးများလည်းတတ်မြောက်သူရှိပါသည်။အလယ်တန်း၊အထက်တန်း၊တက္ကသိုလ်၊ကောလိပ် သင်တန်းများကို ပြည်မြို့နယ်သို့သွားရောက်သင်ကြားရပါသည်။ ကုန်ကျစရိတ်များပြီး ကျောင်းထွက် သူများလည်းရှိပါသည်။

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့်လယ်ယာစိုက်ပျိုးရန်အတွက်လိုအပ်သော ချေးငွေကိုမြန်မာ့စိုက်ပျိုးရေးဘဏ်မှ တစ်ကေလျှင်ချေးငွေ(၁၅၀၀၀၀)ကျပ်နှုန်းဖြင့်ထုတ်ချေးပါသည်။ကျေးရွာတွင်အခြားသောပုဂ္ဂလိကဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများချေးယူခြင်းမရှိပါ။

(င)ပညာရေး

ကျေးရွာသူ / သားများသည် ပညာရေးအဆင့်အတန်း အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါ သည်။ကျေးရွာတွင်မူလတန်းကျောင်းရှိပြီး အများစုမှာ မူလတန်းပညာရေးအား တတ်မြောက်ကြ ပါသည်။စာမတတ်သူအနည်းငယ်ရှိပါသည်။ အလယ်တန်း ၊အထက်တန်း၊ တက္ကသိုလ်ကောလိပ် သင်တ်းများကို ပြည်မြို့သို့သွားရောက်သင်ကြားရပါသည်။ စီးပွားရေးအခက်အခဲများရှိမှုကြောင့် အလယ်တန်း၊ အထက်တန်းတို့နှင့် ကျောင်းထွက်သွားသူများလည်းရှိပါသည်။ ရွာ၏မူလတန်း ကျောင်းတွင်ဆရာ၊ဆရာမလုံလောက်မှုရှိပါသည်။ မိမိတို့ကျေးရွာမူလတန်းကျောင်းသို့ ဘေးရွာ များမှလာရောက်ပညာသင်ကြားနေသောကျောင်းသားများလည်းရှိပါသည်။

(စ) ကျန်းမာရေး

ရွာသူ/သားများသည်အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစပ်ရောဂါလည်း နည်းပါးသည်။ရာသီဥတုလိုက်၍ကူးစပ်တတ်သောရောဂါများ ကလေးများ(သွေးလွန်တုပ်ကွေး၊ ဝမ်းလျှောဝမ်းပျက်၊ရာသီတုပ်ကွေး၊နှာစီးချောင်းဆိုး)အနည်းငယ်ရှိသည်။ကျွန်ုပ်တို့ကျေးရွာရှိနို့ စို့ ကလေးများကာကွယ်ဆေးထိုးနှံရန်အတွက် သစ်ချီတင်အုပ်စု ကျေးလက်ကျန်းမာရေးဆရာမမှ ထိုးနှံပေးပါသည်။ကလေးများအတွက်ထိုးနှံပေးသောကာကွယ်ဆေးများမှာ ပြင်းထန်သောရောဂါ ဝမ်းပျက်ဝမ်းလျှော(ရိုတာဆေး)ပိုလီယိုကာကွယ်ဆေး, ပြင်းထန်အဆုပ်ရောင်(PCB)၊ငါးမျိုးဆက် ကာကွယ်ဆေး၊သားအိမ်ခေါင်းကာကွယ်ဆေး(အသက်၉နှစ်မှ၁၀နှစ်အတွင်း)၊ဝက်သက်၊ဂျိုက် သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါတို့အားထိုးနှံပေးပါသည်။အခြားသောရောဂါဖြစ်လျှင်နီးစပ်ရာ ပြည်သူ့ ဆေးရုံကြီးကုတင်(၅၀၀)နှင့်ပုဂ္ဂလိကဆေးရုံများသို့သွားရောက်ကုသကြပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာတွင်မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတက်လျှင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပါသည်။ မြစ်ရေကြီးခြင်းကြောင့် လယ် / ခြံမြေများတွင် စိုက်ပျိုးထားသောသီးနှံ၊ ကောက်ပင်များပျက်စီးဆုံးရှုံးရပါသည်။ပျက်စီးမှုများသောကြောင့် ပြန်လည်စိုက်ပျိုးရပြီး ဓာတုဆေးများ၊မြေသြဇာများအသုံးပြုရသဖြင့် မြေဆီမြေနှစ်များပျက်စီးတတ်ပါသည်။ သစ်ပင်ဝါးပင် များနည်းပါးသဖြင့် ရာသီဥတုအလွန်ပူပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများလည်းရှိပါ သည်။

(၉) ကျား – မ ရေးရာ

ကျား / မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုရေးအဖွဲ့အစည်းများတွင်အမျိုးသမီးများဝင်ရောက်လုပ်ကိုင်လျှက်ရှိပါသည်။အမျိုးသမီးများသည်လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများတွင်ကောက်စိုက်ခြင်း၊ ပေါင်းနှုတ်ခြင်း၊ ပဲစိုက်ခြင်း၊ပဲနှုတ်ခြင်း၊ပဲခြွေခြင်း၊ စပါးရိတ်ခြင်းစသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသည်။အမျိုးသမီးများနှင့်အမျိုးသားများအတူတကွလုပ်ကိုင်ကြပါသည်။လုပ်အားခကွာခြားမှုများလည်းရှိသည်။ အမျိုးသားလုပ်အားခ တစ်ဦးလျှင် နေ့စား(၆၀၀၀)ကျပ်နှင့်အမျိုးသမီးလုပ်အားခတစ်ဦးလျှင်နေ့စား(၅၀၀၀)ကျပ်ရရှိပါသည်။လုပ်ငန်းအမျိုးအစားကွဲပြားမှုကြောင့် လုပ်အားခနှုန်းကွာခြားခြင်းဖြစ်ပါသည်။ကျေးရွာတွင်အမျိုးသမီး များအား ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမရှိပါ။ ကျေးရွာတွင် အမျိုးသမီး များ အသင်းတစ်ဆုပ်ဆန်အသင်းနှင့်ဝတ်သင်းများရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်းပမ်းဆက်သွယ်ရေး | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁ |
| ၂ | လမ်းပမ်းဆက်သွယ်ရေး | ကျေးရွာတွင်းတံတားပြုပြင်တည်ဆောက်ခြင်း | ၂ |
| ၃ | လမ်းပမ်းဆက်သွယ်ရေး | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ |
| ၄ | လမ်းပမ်းဆက်သွယ်ရေး | ကျေးရွာအဝင်တံတားအား အုတ်စီwing wall မြေကာနံရံတည်ဆောက်ခြင်း | ၄ |
| ၅ | လမ်းပမ်းဆက်သွယ်ရေး | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၅ |
| | | | |
| | | | |

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | ကျေးရွာတွင်းတံတားပြုပြင်တည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | | | √ | | |
| ၄ | ကျေးရွာအဝင်တံတားအား အုတ်စီ wing wall မြေကာနံရံတည်ဆောက်ခြင်း | ၄ | | | | √ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၅ | | | | | √ |



သစ်ချိုတင် အုပ်စု ဖိုးဖြူကုန်းကျေးရွာ ရာသီဥတုပြ ပြက္ခဒိန်

| အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| အလုပ်အကိုင် | ထယ်ရေး ပေး | ပျိုးပင်ထောင် ပျိုးကျဲ | စပါးစိုက် စပါးကျဲ | စပါးစိုက် | ပေါင်းနုတ် | ဆေးပက် ဆေးဖျန်း မြေဩဇာကျွေး | ရိတ်သိမ်း | ဆွတ်ပဲ | ဆေးဖျန်း | ဆေးဖျန်း | မတ်ပဲ နုတ် | ပဲတောင်း စပါးရောင်း |
| လက်လုပ်လက်စား ညီမှု | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| အသုံးစရိတ် | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ချေးငွေ ညီမှု | လတ် | များ | များ | များ | များ | များ | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| ဝမ်းစာဖူလုံမှု | □□□ | □□□ | □□□ | □□□ | □□□ | □□□ | □□□□ | □□□□ | □□□□ | □□□□ | □□□□ | □□□□ |
| ရေရရှိမှု | များ | များ | များ | များ | များ | များ | များ | များ | များ | များ | များ | များ |
| တိရစ္ဆာန်ရောဂါ | ခွာနာ လျှာနာ | - | - | - | - | - | - | - | - | ကြက်နာ | ကြက်နာ | - |
| လူတွေဖြစ်ပွားတဲ့ရောဂါ | အပူရှပ် | အပူရှပ် | သွေးလွန် တုပ်ကွေး | တုပ်ကွေး ဝမ်းပျက်ဝမ်းလျှော | တုပ်ကွေး ဝမ်းပျက် ဝမ်းလျှော | - | - | - | - | - | - | - |
| သီးနှံပိုး မွှားကျရောက်မှု | - | - | - | ရွက်လိပ်ပိုး ညိုကောင် / မြစ်ပိုး | ရွက်လိပ်ပိုး ညိုကောင် မြစ်ပိုး | - | - | - | - | ပြ / သီးလုံး ဖောက်ပိုး ကျရောက် | ပြ / သီးလုံး ဖောက်ပိုး ကျရောက် | - |
| ပွဲတော် | သင်္ကြန် [illegible] ပွဲ | ညောင်ရေ သွန်းပွဲ | - | ဝါဆိုပန်းချူး | - | - | ဆီမီးထွန်း ပွဲ | ကထိန်ခင်းပွဲ | - | ပဌာန်း ပွဲ | ထမနဲ ပွဲ | - |
| သဘာဝဘေးအန္တရာယ် | လေမုန်တိုင်း | လေမုန်တိုင်း | - | - | - | - | - | - | - | - | - | - |

## နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား(ဇီးဖြူကုန်းကျေးရွာ၊သစ်ချီတင်ကျေးရွာအုပ်စု ၊ဖွံ့ဖြိုးရေးမဟာဗျူဟာ တည်ဆောက်မှုဇယား)

| စဉ် | ပြဿနာ | အကြောင်းအရာ | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး | | | | | | |
| ၁။ | ရွာတွင်းလမ်းမှာ မိုးတွင်းကာလတွင် ဗွက်များခြင်း၊လမ်းချော်ခြင်း၊လက်ရှိလမ်းမှာမြေသားလမ်းဖြစ်၍အမာခံမဖြစ်ခြင်း | မိုးရွာသွန်းမှုများလျှင်ရေကြီးရေလျှံကြောင့် လမ်းပျက်စီးခြင်း၊လမ်း ပြုပြင်ရန်ငွေကြေးလုံလောက်မှုမရှိခြင်း၊ | လမ်းပြုပြင်ရန် သက်ဆိုင်ရာဦးစီးဌာနများသို့ချိတ်ဆက်၍တင်ပြခြင်း၊ကျေးရွာမှ လုပ်အားထည့်ဝင်ဆောင်ရွက်နိုင်ခြင်း | ကျေးရွာ၏ရွာအဝင် တံကွန်ကရစ်တံတားမှာ ဆိုင်ကယ်သာဖြတ်စီးနိုင်ပြီးနှင့်ကျေးရွာတွင်းသစ်သားတို့မှာခိုင်ခံ့မှု မရှိသဖြင့်ကားကြီးများရွာတွင်းသို့မဝင်နိုင်၍ မြေသယ်ကားများ ဝင်ရန်အခက်အခဲရှိခြင်း | • လမ်းကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးဆိုင် ရာအမြင်ဖွင့်ဆွေးနွေးပွဲကျင်းပ ခြင်း၊ကျေးရွာလူထု အစည်း အဝေးပွဲခေါ်ယူ၍ လုပ်အား၊ငွေ အားထည့်ဝင်ရန် စည်းရုံး ခြင်း၊လိုအပ်သော ငွေကြေး၊နည်းပညာ ကို ကျေးလက်လမ်း ဦးစီး/ကျေးလက်ဦးစီးသို့ တင်ပြ၍အကူအညီတောင်းခံ ခြင်း၊လမ်း၊တံတား | ၁။ကျေးရွာတွင်းလမ်း၊ရွာချင်းဆက်လမ်းများ ကောင်းမွန်လာစေရေး စီမံချက်။<br>• ကျေးရွာတွင်းလမ်း(အလျား ၂၈၀၀ပေ* အနံ ၁၂ ပေ အမြင့် ၉လက်မ) အား ကျောက်ရောမြေနီ လမ်းခင်းခြင်း၊လမ်းကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း၊ဖွံ့ဖြိုးရေးဆိုင်ရာ အမြင်ဖွင့် ဆွေးနွေးပွဲကျင်းပခြင်း၊ကျေးရွာလူထုအစည်း အဝေးပွဲခေါ်ယူ၍ လုပ်အား ၊ငွေ အားထည့်ဝင်ရန် စည်း ရုံး ခြင်း၊လိုအပ်သော |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ပြုပြင် ထိန်းသိမ်းရေး အစီအစဉ်များရေးဆွဲခြင်း၊ | ငွေကြေး၊ နည်းပ ညာ ကို ကျေးလက်လမ်းဦးစီး/ကျေး လက်ဦးစီးသို့ တင်ပြ၍ အကူအညီတောင်းခံခြင်း၊ လမ်း၊တံတားပြုပြင်ထိန်းသိ မ်းရေး အစီအစဉ်များ ရေးဆွဲခြင်း၊ |
| | | | | | | |
| ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး | | | | | | |
| ၂။ | ကျေးရွာတွင်းသစ် သားတံတားမှာပျက် စီးနေခြင်း | ကျေးရွာတွင်းသစ်သား တံတားမှာ အချိန်ကာလ ကြာ ပြီဖြစ်သဖြင့် သစ် သား တိုင် များဆွေးမြေ့ | တံတားအား၂၀ ၁၃-၂၀၁၄ခုနှစ် တွင်ပဲခူးတိုင်း ဒေသကြီးအစိုး | ကျေးရွာမှပြန်လည်ပြု ပြင်ရန်ရန်ပုံငွေမလုံ လောက်ခြင်း၊ဦးဆော င်မည့်သူမရှိခြင်း၊သက် | သက်ဆိုင်ရာဌာနဆိုင် ရာများမှ ပြုပြင်ပေးမည် ဆိုပါက ကျေးရွာမှ လုပ် | ၂။တံတားအတိုင်းအတာမှာ (၄၀'x၁၄'x၁၅')ရှိပြီး ကျေးလက်လမ်းဦးစီးဌာန သို့ |

| | | | | | | |
|---|---|---|---|---|---|---|
| | | နေခြင်း၊ယက်မများပျက်စီးနေခြင်း၊တံတာပေါ်သို့ ထွန်စက်၊ရိတ်ခြွေစက်၊ မြေနီကားများဖြတ်သန်းသွားလာမှုများခြင်းတို့ကြောင့်ပျက်စီးရခြင်းဖြစ်ပါသည်။ | ရအဖွဲ့ရန်ပုံငွေဖြင့်တည်ဆောက်ပေးခဲ့ပြီး အစိုးရသစ်လက်ထပ်တွင် သိန်း(၁၀၀) ထောက်ပံ့ပေးခဲ့ပြီးပြည်သူမှ သန်း(၅၀)ထည့်ဝင်ကာ တံတားကြမ်းခင်းနှင့်ယက်မအားပြုပြင် မွမ်းမံခဲ့သော် လည်း သစ် သားတိုင်များ မှာဆွေးမြေ့နေခြင်း | ဆိုင်ရာဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း၊တံတားမှာအလွန်ပျက်စီးပြီး ခိုင်ခံမှုမရှိတော့သဖြင့် ရွာထဲသို့ ကားကြီးများဝင်ရောက်ရန်အခက်အခဲဖြစ်နေခြင်း | အားထည့်ဝင်ပေးနိုင်ခြင်း၊ | တင်ပြ၍လိုအပ်သည့်အကူအညီများတောင်းခံခြင်း |
| ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃။ | ကုန်ထုတ်လမ်းဖော က်လုပ်ခြင်း | စိုက်ပျိုးထုတ်ကုန်များ အား အလွယ်တကူ မသယ်ယူနိုင်ခြင်း၊လက်ရှိလမ်းလယ်ကသင်း လမ်းဖြစ်ပြီးနွားလှည်း များဖြင့်သာတိုက်၍ သယ်ယူနေရခြင်း | ကုန်ထုတ်လမ်း ဖောက်လုပ်ပါ က မြေနေရာ လှူဒါန်းနိုင်ခြင်း၊ | နွားလှည်းများအသုံး ပြု၍ စိုက်ပျိုးထုတ်ကုန် များသယ်ယူနေရသဖြ င့် အချိန် ကုန်ခြင်း၊ | ကျေးလက်ဦးစီးဌာနှင့်ချိ တ် ဆက်၍ကုန်ထုတ် လမ်းဖောက်လုပ်နိုင်ရေး တင်ပြအကူအညီတော င်းခံခြင်း | ၃။ကျေးရွာကုန်ထုတ်လမ်း ကောင်း မွန်လာစေရေး စီမံချက်။<br>• ကျေးရွာကုန်ထုတ်လမ်း(အလျား ၂၀၀၀ပေ* အနံ ၁၂ ပေ အမြင့် ၉လက်မ) အား ကျောက်ရောမြေနီ လမ်း ခင်းခြင်း၊လမ်းကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း၊ဖွံ့ဖြိုးရေးဆိုင်ရာ အမြင်ဖွင့် ဆွေးနွေးပွဲ ကျင်းပခြင်း၊ကျေးရွာလူထုအစည်း အဝေးပွဲခေါ်ယူ၍ လုပ်အား ၊မြေနေရာလှူဒါန်းမှုရရှိစေရန် စည်း ရုံး ခြင်း၊လိုအပ်သော ငွေကြေး၊ နည်းပ ညာ ကို ကျေးလက်လမ်းဦးစီး/ကျေးလက်ဦးစီးသို့ တင်ပြ၍ အကူအညီတောင်းခံခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | လမ်း၊တံတားပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ ရေးဆွဲခြင်း၊ |
| ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး | | | | | | |
| ၄။ | ကျေးရွာအဝင်တံတားအား အုတ်စီwing wall မြေကာနံရံ တည်ဆောက်ခြင်း | ကျေးရွာအဝင်တံတားမှာကိုယ်ထူကိုယ်ထတည်ဆောက်ထားသောတံတားဖြစ်သဖြင့် နည်းပညာပိုင်းဆိုင်ရာလိုအပ်မှုရှိခြင်း၊ | တံတားမှာတိုင်၊ ယက်မ၊ကြမ်းခင်းများအားလုံး ကောင်းမွန်ပြီး ကမ်းကပ်ခုံအား ရေတိုက်စားခြင်း ကာကွယ်ရန် မြေကာနံရံသာ တည်ဆောက်ရန် လိုအပ်ခြင်း | ကားကြီးများရွာထဲသို့ အလွယ်တကူမဝင်နိုင်ခြင်း၊ကျေးရွာသူ/သားများမှရန်ပုံငွေမထည့်ဝင်နိုင်ခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်၍ နည်းပညာများရယူခြင်း | ၄။ကျေးရွာတွင်းအဝင်တံတားကောင်း မွန်လာစေရေး စီမံချက်။<br>• ကျေးရွာအဝင်တံတား(အလျား ၁၄၀ပေ* အနံ ၁၂ ပေ အမြင့် ၂၇ပေ) အားရေတိုက်စား မှု၊တံတားရေရှည် တည်တံ့စေရန်လမ်းကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ဖွံ့ဖြိုးရေးဆို င်ရာအမြင်ဖွင့် ဆွေးနွေးပွဲကျင်းပခြင်း၊ ကျေးရွာလူထုအစည်းအဝေးပွဲခေါ်ယူ၍ လုပ် အား၊ငွေ အားထည့်ဝင်ရန် စည်း ရုံးခြင်း၊လိုအပ်သော ငွေကြေး၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | နည်းပ ညာ ကို<br>ကျေးလက်လမ်းဦးစီး/ကျေးလက်ဦးစီးသို့ တင်ပြ၍<br>အကူအညီတောင်းခံခြင်း၊<br>လမ်း၊တံတားပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ<br>ရေးဆွဲခြင်း၊ |
| ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး | | | | | | |
| ၅။ | ကျေးရွာတွင်း ရေကြီးရေလျှံ ဖြစ်ပါက လမ်း<br>ပျက်စီးမှုများရှိခြင်း | ကျေးရွာတွင်(VDP)စီမံကိန်းဖြင့်မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက<br>အမာခံလမ်းရရှိမည်ဖြစ်သဖြင့်ကွန်ကရစ်လမ်းခင်းပြီးပါက<br>ကျေးရွာသူ/သားများလွယ်ကချောမွေ့စွာ | ကျေးရွာသူ/သားများမှလုပ်အားထည့်ဝင်နိုင်ခြင်း | ကျေးရွာအဝင်တံတားခိုင်ခံ့မှုအားနည်းသဖြင့်ပစ္စည်းများသယ်ယူရာတွင်ထော်လာဂျီဖြင့်တစ်ဆင့်ပြန်လည်ယူရ၍ အချိန်ကုန်ခြင်း | ကျေးရွာသူ/သားများအားအစည်းအဝေးခေါ်ယူ၍<br>လမ်းဖွံ့ဖြိုးရေးရန်ပုံငွေများစုဆောင်းစေခြင်း၊ | ၅။ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း(၂၈၀၀'x၁၂'x၉")လမ်းအား<br>ကွန်ကရစ်လမ်းဖောက်လုပ်နိုင်ရေးလုပ်ငန်းစီမံချက်ရေးဆွဲပြီး သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊လိုအပ်သောငွေကြေးရရှိနိုင်ရေး ကျေးရွာရပ်မိရပ်ဖ၊အုပ်ချုပ်ရေးပိုင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | သွားလာနိုင်ခြင်း၊ရေကြီးရေလျှံမှုများဖြစ်ပါက လမ်းပျက်စီးမှုနည်း ပါးနိုင်ခြင်း | | | | ဆိုင်ရာများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း |
| | ကဏ္ဍ-စိုက်ပျိုးရေး | | | | | |
| ၆။ | စိုက်ပျိုးသီးနှံများ( လယ်နှင့် ဥယျာဉ်ခြံသီးနှံ)မှအကျိုးအမြတ်ရရှိမှု နည်းပါးခြင်း၊ | • ဈေးငွေကာလမှာ တိုတောင်းခြင်း နှင့် ပြန်ဆပ်ရန် ပြင်ပမှအတိုးကြီး ဖြင့်ရှာရခြင်း၊<br>• သီးနှံများကို ဈေးကောင်းမစောင့်ဘဲရောင်းချရခြင်း၊ | ဆေး၊မြေသြဇာရောင်းချသောကုမ္ပဏီများမှအသုံးပြုနည်း လမ်းညွှန်များ ရရှိနိုင်ခြင်း၊ အကြွေးစနစ်ဖြင့် ဝယ်ယူနိုင်ခြင်း၊ ရာသီပေါ်သီးနှံများကိုပြည်မြို့ရှိသီးနှံအဝယ်ဒိုင်များတွင် | ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထဖြင့်ချောင်းကောတူးဖော်မှု အားနည်းခြင်း၊ ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်တင်ပြမှုအားနည်းခြင်း၊ တောင်သူများမျိုးကောင်းမျိုးသန့်ထုတ်၍ ရောင်းချရန် ၊ဖျက်ပိုးအန္တရာယ်ကာကွယ်နှိုင်နင်းရန် နည်းပညာအကူအညီများလိုအပ်နေခြင်း၊လက်တွေ့စမ်း | တောင်သူအစုအဖွဲ့ဖွဲ့စည်း ၍ဆည်မြောင်းဦးစီးဌာန ၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စိုက်ပျိုးရေးဦးစီးဌာနတို့ဖြင့် ချိတ်ဆက်ပြီး အောက်ပါအကူအညီများ ရရှိနိုင်ရန်လုပ်ဆောင်ခြင်း<br>-<br>အချိန်မီစိုက်ပျိုးရေးချေးငွေရရှိရန်နှင့် နှစ်ရှည်ချေးငွေ(အနည်းဆုံး၃နှစ်ဆပ် | ၆။စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်၍ ဈေးကောင်းရရှိနိုင်စေရေး။<br>• စိတ်ဝင်စားသူတောင်သူ အစုအဖွဲ့ဖွဲ့စည်းခြင်း၊<br>• ကိုယ်ထူကိုယ်ထဖြင့် ချောင်းအတွင်းအမှိုက်များ ဆယ်ယူခြင်း၊<br>• နှစ်ရှည်(၃နှစ်ဆပ်) စိုက်ပျိုးရေးချေးငွေထုတ်ချေးရန် မူဝါဒပြောင်းလဲသတ် |

| | | | | | | |
|---|---|---|---|---|---|---|
| | | • မျိုးကောင်းမျိုးသန့်များရရှိရန် စျေးကြီးပေးရခြင်း၊အလွယ်တကူမရရှိခြင်း (စိုက်ပျိုးရေးဦးစီးတွင်သာရနိုင် ပြီးဦးရာလူရောင်းချခြင်းဖြစ်သဖြင့်လိုအပ်သောအချိန်တွင်မရရှိခြင်း)<br>• စိုက်ပျိုးရေးနည်း ပညာ | လွယ်ကူစွာရောင်းချနိုင်ခြင်း၊စျေးကွက်ကောင်းရှိခြင်း၊ | သပ်သင် သင်ကြားမှုများ အားနည်းခြင်း၊ | )နိုင်ရန် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၊ စိုက်ပျိုးချိန်မတိုင်မီထုတ်ချေးပေးခြင်း(ထုတ်ချိန်၊ပြန်ဆပ်ချိန်ကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်) မျိုးစေ့ထုတ်နိုင်ရန်နှင့်ပိုးမွှားများနှိုင်နင်းနိုင်ရန်နည်းပညာများထိရောက်စွာပံ့ပိုးပေးခြင်း၊ သီးနှံအာမခံအစီအစဉ်များထားရှိခြင်း၊ | မှတ်ခြင်း၊<br>• စိုက်ပျိုးရေးနည်း<br>• ပညာသင်တန်းပေးခြင်း(မျိုးသန့်၊ပိုးမွှားအန္တရာယ်)<br>• သီးနှံ့အာမခံစနစ်များထားရှိလာခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ဗဟုသုတ<br>အားနည်းခြင်း၊ | | | | |
| | ကဏ္ဍ-ကျန်းမာရေး | | | | | |
| ၇။ | ကျန်းမာရေးဝန်ထမ်းမှ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း၊<br>ငွေကုန်ကြေးကျများခြင်း၊ | အုပ်စုတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသော်လည်းကျန်းမာရေးမှူးမှာကျေးလက်ဆေးပေးခန်းတွင်လာ ရောက်စောင့်ရှောက်မှု ပေးချိန်နည်းပါးခြင်း၊<br>လူနာများအား ကိုယ်ပိုင်ဆေးခန်းသို့ ချိန်းဆို သဖြင့် ဆေးဖိုးပို၍ကုန် ကျခြင်း(ငွေကြေးမတတ်နိုင်သူများအတွက် အခက်အခဲရှိခြင်း) | ပြည်မြို့ပြည်သူ့ဆေး ရုံနှင့် (၅) မိုင်ခန့်ကွာဝေးခြင်း၊ဘေးပတ်ဝန်းကျင်ရွာတွင် ဆရာဝန်ရှိပြီးခေါ်ယူ၍ကုသနိုင်ခြင်း(ငွေကြေးတတ်နိုင်သူများအတွက်) | အုပ်စုရွာဖြစ်သည့်သစ်ချီတင်ကျေးရွာတွင်ဖွင့်လှစ်ထားသော ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဖြစ်ပြီး အုပ်စုတာဝန်ရှိသူများမှကျေးလက်ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ ဆွေးနွေးမှုမရှိခြင်း<br>(အမုန်းမခံလိုခြင်း) | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှကျေးလက်ဦးစီးဌာနသို့ ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်လာစေရန် တင်ပြတောင်းဆိုခြင်း၊ကျေးလက်ဆေးပေးခန်းတွင် ထိရောက်သောကုသမှုခံယူနိုင်ရန်၊ကျန်းမာရေးအသိပညာပေးခြင်း၊ | ၇။ကျန်းမာရေး ဝန်ဆောင် မှုကောင်းမွန်တိုးတက်လာစေရေးစီမံချက်။<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ကျန်းမာရေးဦးစီးဌာန၊မြို့နယ်တာဝန်ရှိသူ များအားကျန်းမာရေးဝန်ဆောင်မှုကောင်းမွန်လာစေရန် တင်ပြတောင်းခံခြင်း၊<br>-ဝန်ထမ်း၏ အချိန်ပြည့်စောင့်ရှောက်မှု မရခြင်း၊<br>ကျန်းမာရေးအသိပညာပေး ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | ကဏ္ဍ- စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၈။ | သီးနှံစိုက်ပျိုးမှုတွင် ကျပန်းလုပ်ကိုင်ခြင်း မှလွဲ၍ ဝင်ငွေရအတည်တကျ အလုပ်အ ကိုင် အခွင့်အလမ်း နည်းပါး ခြင်း၊ | အသက်မွေးဝမ်းကျောင်း ပညာကျွမ်းကျင်မှုအား နည်းခြင်း၊ စွန့်စားတီထွင်လိုစိတ်ရှိသော်လည်းဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် စွန့်ဦးတီထွင်မှုမရှိခြင်း၊ ငွေအရင်းအနှီးလုံလောက်စွာမရှိခြင်း၊ အသေးစားအိမ်တွင်း ထုတ်လုပ်မှု လုပ်ကိုင်ရန် နည်းပညာများ၊ | အလုပ်လုပ်ကိုင်လိုသူ လူငယ် အများအပြားရှိခြင်း၊ ပြည်မြို့နှင့်(၅) မိုင်ခန့် ကွာဝေးခြင်း၊ ဆိုင်ကယ်ပြင်၊ စက်ပြင်၊သံဂဟေဆက်၊သံပန်းပြု လုပ်သည့်ဆိုင်များ တွင်လုပ်သားလို | အသက်မွေးဝမ်းကြောင်း ပညာများ သင်ယူရန် ငွေကြေးမတတ်နိုင်ခြင်း စက်ရုံ၊အလုပ်ရုံများ နှင့် အလှမ်းကွာဝေးခြင်း၊ ဈေးကွက်ဆိုင်ရာအသိပညာဗဟုသုတ အားနည်းခြင်း၊ကူညီပံ့ပိုးမည့် အဖွဲ့အစည်း(သို့) ပုဂ္ဂိုလ်မရှိခြင်း၊ကုန် | သက်ဆိုင်ရာဦးစီးဌာန(သို့) အဖွဲ့အစည်းများမှအသက် မွေးဝမ်းကြောင်းနည်းပညာသင်တန်းများ ပေးခြင်း(ဆိုင်ကယ်ပြင်၊စက်ပြင်၊ သံပန်း၊သံဂဟေဆက်၊စက်ချုပ်)<br>• စိတ်ပါဝင်စားသူများအား စွန့်စား | ၈။ဝင်ငွေသင့်တင့်ကောင်းမွန် သောအလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေး။ စိတ်ပါဝင်စားသော အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ သက်ဆိုင်ရာဦးစီးဌာန(သို့) အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကြောင်းသင်တန်းများ ရရှိရန် ဆောင်ရွက်ခြင်း၊ အသေးစားငွေချေးအဖွဲ့ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ဗဟုသုတများမရှိခြင်း ၊ (လက်သမား၊ပန်းရံ တတ်မြောက်သူ များ ပြားသည်။ပြည် မြို့တွင်လက်သမား၊ ပန်းရံ တတ်မြောက် သူများသဖြင့် အလုပ် အကိုင်အခွင့် အလမ်း နည်းပါးသည်။) | အပ်မှုများခြင်း၊ရ န်ကုန်အထည် ချုပ်စက်ရုံတွင် သွားရောက်လုပ် ကိုင်နိုင်ခြင်း၊ ရန်ကုန်အထည် ချုပ်စက်ရုံတွင် သွားရောက်လုပ် ကိုင်နိုင်ခြင်း၊ | ကြမ်းမှ ကုန်ချော ထုတ်လုပ်သည့် နည်းပညာမရှိခြင်း၊ | တီထွင်လာလို စိတ်ရရှိရန်လက် တွေ့ဆောင် ရွက် စေခြင်းဖြင့်အသိ ပညာ ပေးခြင်း၊<br>• သင့်လျော်သော အသေး စားချေး ငွေများထုတ်ချေး ပေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးခြင်း၊<br>• ဖွံ့ဖြိုးရေးအမြင် ဖွင့်ဆွေး နွေးပွဲ များပြုလုပ်ပေး ခြင်း၊<br>ကုန်ကြမ်းမှ ကုန် ချော ထုတ်လုပ် သည့်စားသောက် | များမှ လုပ်ငန်းနှင့် သင့် လျော်သောချေးငွေပမာဏ ကိုထုတ်ချေးခြင်း၊ ဈေးကွက်ဆိုင်ရာ အမြင် ဖွင့်သင်တန်းပေးခြင်း၊ အသေးစားစက်မှု၊လက်မှု သင်တန်းများပေးခြင်း (ဆိုင်ကယ်ပြင်၊စက်ပြင်၊သံ ပန်း၊သံဂ ဟောဆက်၊ စက်ချုပ်) အသေးစားစားသောက် ကုန်ထုတ်လုပ်ခြင်းဆိုင်ရာန ည်းပညာများ၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ကုန်ဆိုင်ရာနည်းပညာများ( ခရမ်းချဉ်သီးယို၊ ချဉ်ပေါင်ယို၊မုန်လာဥခြောက်၊ကြက်သွန်ကြော်စသည်) | |
| | ကဏ္ဍ-လူငယ် | | | | | |
| ၉။ | လူငယ်များအားကစားလုပ်ဆောင်မှု၊လေ့လာ သင်ယူမှုအားနည်းခြင်း၊<br>အမျိုးသမီးများတရား<br>ဥပဒေဆိုင်ရာကာကွယ်<br>စောင့်ရှောက်မှုများ သိ<br>မြင်ဗဟုသုတရှိမှုအားနည်းခြင်း၊ | • အချိန်ပိုများကို အင်တာနက်များအသုံးပြုခြင်းဖြင့် အချိန်ကုန်ဆုံးနေကြခြင်း၊<br>• ဥယျာဉ်ခြံများတွင် နေ့စား အလုပ်ကိုင်ခြင်းဖြင့်သာ အချိန်ကို အများဆုံးအသုံးပြုကြ | ကျေးရွာအားဦးစီးဦးဆောင်သူ၊ရပ်မိရပ်ဖများမှာ ဖွံ့ဖြိုးရေးကိုစိတ်ပါဝင်စားကြခြင်း၊ | လူငယ်များကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်၊လေ့လာသင်ယူလိုစိတ် နည်းပါးခြင်း၊<br>လေ့လာသင်ယူရန် လူငယ်ဖွံ့ဖြိုးရေးစင်တာများမရှိခြင်း၊<br>ကျား၊မတန်းတူမှု ဆိုင်ရာ၊အမျိုးသမီး အခွင့်အရေးဆိုင်ရာ အသိပညာပေးသည့် အဖွဲ့အ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍လူငယ်၊အမျိုးသမီးများဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကိုဆောင်ရွက် ခြင်း<br>-လူငယ်ဖွံ့ဖြိုးရေးရံပုံငွေတစ်ရပ် ထူထောင်ရန် စည်းလုံး ဟောပြောခြင်း၊<br>-အား/ကာဦးစီးအားအားကစားနည်းစနစ် | ၉။လူငယ်များကာယ၊ ဉာဏ စွမ်းရည်တိုးတက်လာစေရေးစီမံချက်။အမျိုးသမီးများ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှု၊ ရပိုင်ခွင့်များသိရှိနားလည်လာစေရေးစီမံချက်။လူငယ်ဖွံ့ဖြိုးရေးရံပုံငွေ ထူထောင်ခြင်း၊<br>အားကစားနည်းသင်တန်းများပေးခြင်း၊<br>ရွာတွင်း/အုပ်စုတွင်းလူ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ခြင်း၊<br>• အားကစားပစွည်း၊ အားကစားနည်းများမရှိခြင်း၊<br>• ကျား၊မတန်းတူမှုဆိုင်ရာ၊ အမျိုးသမီး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား အသိပညာပေးမှု အားနည်းခြင်း၊ | | စည်း/အစီအစဉ် များ အားနည်းခြင်း၊ | များ ပံ့ပိုးနိုင်ရန်တင်ပြတောင်းခံခြင်း၊<br>လူငယ်လေ့လာရေးစင်တာများထဖွင့်လှစ်၍ စာအုပ်စာပေ၊အလုပ်အကိုင်<br>အခွင့်အလမ်းများထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊<br>ပြန်ဆက်ဦးစီးဌာနနှင့် ဆက်သွယ်၍ စာသင်ကျောင်းများ၊လူငယ်များအတွက်<br>ဗဟုတုတစာပေ များ အလှည့်ကျငှားရမ်းဖတ်ရှုစေခြင်း၊<br>ကျား-မတန်းတူမှုဆိုင်ရာ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာနှင့် ကာကွယ် | ငယ် လေ့လာရေးစင်တာများထူထောင်ရန်အလှူရှင် /စေတနာရှင်များထံမှ အလှူငွေကောက်ခံခြင်း၊<br>ကလေးစာဖတ်ပွဲများကျင်းပပေးခြင်း၊ကျား-မတန်းတူမှုဆိုင်ရာ၊ အမျိုးသမီး အခွင့်အရေးဆို င်ရာ၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စာအုပ်စာပေ၊ လက်ကမ်းစာစောင်များ လထားရှိခြင်း၊ဆွေးနွေးခြင်း၊<br>ကလေးစာဖတ်ပွဲများ ကျင်းပပေးခြင်း၊<br>အားကစားပစ္စည်းများ တဖြည်းဖြည်းဝယ်ယူခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | • ဝင်ငွေရရှိရန် နှင့်အိမ် တွင်းမှု အလုပ်များ ကြောင့် မီဒီယာ မှပညာပေးမှု အပေါ်အာရုံ မစိုက် နိုင်ကြ ခြင်း၊ | | | စောင့်ရှောက်မှုဆိုင်ရာ စာ အုပ်၊ စာပေများထားရှိ ခြင်း၊ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးခြင်း၊ | |
| | ကဏ္ဍ- အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု | | | | | |
| ၁ ၀။ | ကျေးရွာတွင်း ကိုယ် ထူကိုယ်ထဖွဲ့စည်း ထား သောအဖွဲ့များ တွင် စနစ်တကျလုပ် ကိုင်ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ | • အဖွဲ့အစည်း ဖွဲ့ စည်းခြင်းဆိုင် ရာ အသိပညာ ဗဟုသုတအား နည်းခြင်း၊ | ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး ၊ ဘာ သာရေးလုပ်ငန်း များအတွက် စု ပေါင်းလုပ်ကိုင် သည့်အလေ့အ | အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ် ကောင်းမွန်လာစေရန် ပံ့ပိုးကူညီနိုင်မည့် အဖွဲ့ အစည်း/ဦးစီးဌာနနည်း ပါးခြင်း၊အသိပညာပေး | ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများမှဦးဆောင် ၍ အဖွဲ့အစည်းဆိုင်ရာ ဗဟုသုတရမည့် စာအုပ် စာပေများစုဆောင်းခြင်း (ခေါင်းဆောင်မှု၊လူထု | ၁၀။အဖွဲ့အစည်းဆိုင်ရာစွမ်း ဆောင်ရည်မြှင့်တင်ခြင်း နှင့်ရေရှည်ဖွံ့ဖြိုးတိုးတက် လာစေရန်ဆောင်ရွက်ခြင်း။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ များမှဦးဆောင် |

| | | | | | | |
|---|---|---|---|---|---|---|
| | | • လိုအပ်ချက်အရဖွဲ့ စည်းခြင်းသာရှိပြီး ရေရှည်တည်တံ့သည့်အစီအစဉ်များထည့်သွင်းဖွဲ့စည်းထားမှုအားနည်းခြင်း၊ | ကျင့်ရှိခြင်း၊စည်းလုံးညီညွတ်ကြခြင်း၊<br>သတင်း၊မီဒီယာများမှအဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုကောင်းမွန်လာစေရန်ဗဟုသုတများရရှိနိုင်ခြင်း၊ကျေးလက်ဦးစီးဌာနမှ စာရင်းကိုင်သင်တန်းရရှိနိုင်ခြင်း၊ | ဟော ပြောပွဲ၊စာအုပ်၊စာပေ ဆိုင်များလက်လှမ်းမမီခြင်း၊ | အား စည်းရုံးမှုစွမ်းရည်၊အ စည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရန်ပြင်ဆင်နည်း၊အစည်းအဝေးမှတ်တမ်းရေးနည်း၊)<br>ကျေးရွာလူထုအစည်းအဝေးများတွင်အသိပညာ ပေးခြင်း၊<br>ကျေးလက်ဦးစီးဌာနအားအကူအညီတောင်းခံ၍စာရင်းကိုင်သင်တန်းပေး ခြင်း၊ | ၍အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်စေရန် ဆွေးနွေးဟောပြောခြင်း၊<br>ဗဟုသုတစာပေအုပ်၊စာပေများထားရှိခြင်း၊<br>သင်တန်းပေးနိုင်သည့်အဖွဲ့အစည်းများ၊ဌာနဆိုင်ရာ များနှင့်ချိတ်ဆက်၍အကူ အညီတောင်းခံခြင်း(ဥပမာ-ကျေးလက်ဦးစီးဌာန) |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁ | ၆ | ၇ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၂ | ၂၆ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈ | ၁၂ | ၂၀ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၆ | ၁၀၃ | ၁၉၉ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၃ | ၈ | - | - |
| **စုစုပေါင်း** | | **၁၂၇** | **၁၃၉** | **၂၆၆** | - | - |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၃** | | | | |

ရင်းမြစ် **...** **(၁)** အိမ်ထောင်စုစာရင်းကောက်ယူမှု၊ **(၂)** ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင်နို့စို့အရွယ်၊(၅)နှစ်အောက်ကလေး၊မူလတန်းကျောင်းသား၊အလယ်တန်းကျောင်းသား၊အလုပ်လုပ်နိုင်သည့်အရွယ်နှင့်သက်ကြီးရွယ်အိုစုစုပေါင်း(၂၆၆)ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ)    အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | | | | **အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင်လုပ်အား** | **အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု** | **ဦးရေ** | | | |
| | | | | | **ကျား** | **မ** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| **၁** | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၆ | | ၇ | ၂၄ | ၂၂ | | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **၂** | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **၃** | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **၇** | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **၈** | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **၉** | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **၁၀** | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | မရှိ | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား | | | | | | | |
| ၂ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | မရှိ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၄၆) စုရှိပြီး အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု (၇) စု ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အခြား ဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူမရှိကြောင်းတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေး၌အမျိုးသားတစ်ဦးလျှင်အများဆုံး (၆၀၀၀)ကျပ်၊အနည်းဆုံး(၅၀၀၀)ကျပ်နှင့်အမျိုးသမီးတစ်ဦးလျှင်အများဆုံး(၅၀၀၀)ကျပ်နှင့်အနည်းဆုံး (၄၀၀၀)ကျပ်ရရှကြောင်းတွေ့ရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း၌

အမျိုးသားတစ် ဦးလျှင်အများဆုံး(၁၀၀၀၀)နှင့်အနည်းဆုံး(၇၀၀၀)ကျပ်နှုန်းရရှိကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

